www.arakanstudies.org

Center for Arakan Studies

## အာရက္ခရေးရာအထူးလေ့လာချက်

# ရခိုင်ပြည်အတွင်း မိုင်းနှင့် စစ်ကျန်လက်နက်များအန္တရာယ်း ရေရှည်သက်ရောက်မှုများနှင့် စိန်ခေါ်မှုများ

**အမှတ် (၁၂)၊ ၂၀၂၆ ခုနှစ်**
**မိုင်းအန္တရာယ်နှင့် အရပ်သားကာကွယ်ရေးကဏ္ဍ**



၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်နေ့တွင် မိုင်းထိဒဏ်ရာရရှိပြီးနောက် ကလေး ၃ ယောက်ဖခင်၊ မောင်အောင်လှိုင်အား ဘူးသီးတောင်မြို့နယ်၊ ရွှေဘိုကျေးရွာ၊ စစ်ရှောင်စခန်းတွင် တွေ့ရစဉ် (ဓာတ်ပုံ- Rajeev Bhattacharyya/thediplomat)

**စက်တင်ဘာလ ၃၀၊ ၂၀၂၆ ခုနှစ်**

## ၁။နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | ရခိုင်ပြည်အတွင်း မိုင်းနှင့် စစ်ကျန်လက်နက်များကြောင့် အရပ်သားထိခိုက်မှု၊ အသက်မွေးဝမ်းကျောင်းအပေါ် သက်ရောက်မှုနှင့် မိုင်းရှင်းလင်းရေးဆိုင်ရာ တုံ့ပြန်မှုများကို လေ့လာခြင်း |
| **(ခ) နယ်မြေဒေသ** | ရခိုင်ပြည်ရှိ မြို့နယ် (၁၇) မြို့နယ် |
| **(ဂ) အချိန်ကာလ** | ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လ အထိ |

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်အတွင်း တကျော့ပြန်တိုက်ပွဲများ ပြန်လည်ပြင်းထန်လာပြီးနောက် မြို့နယ်အများအပြားတွင် တိုက်ပွဲများ ကျယ်ပြန့်လာခဲ့သကဲ့သို့ မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်ပစ္စည်းများ၏ အန္တရာယ်သည်လည်း အရပ်သားလုံခြုံရေးအတွက် အရေးပါသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ပိုမိုပေါ်လွင်လာခဲ့သည်။ အထူးသဖြင့် ယခင်တိုက်ပွဲဖြစ်ပွားရာနေရာများ၊ တပ်စခန်းဟောင်းများ၊ ပင်လယ်ကမ်းစပ်၊ တောတောင်နှင့် လယ်ယာမြေများတွင် မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်များပေါက်ကွဲမှုကြောင့် အရပ်သားများ သေဆုံးခြင်း၊ ခြေလက်အင်္ဂါဆုံးရှုံးခြင်းနှင့် ပြင်းထန်ဒဏ်ရာရရှိခြင်းများ ဆက်လက်ဖြစ်ပွားနေပြီး ကလေးသူငယ်များလည်း ထိခိုက်ခံစားနေရသည်။

မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်အန္တရာယ်သည် ထိခိုက်သေဆုံးမှုများသာမက ဒေသခံများ၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းနှင့် သွားလာလှုပ်ရှားမှုအပေါ်ပါ သက်ရောက်မှုရှိနေသည်။ ဖြစ်စဉ်အများအပြားတွင် ထင်း၊ ဝါးနှင့် ဟင်းသီးဟင်းရွက်များရှာဖွေခြင်း၊ ငါးဖမ်းခြင်း၊ ကျွဲနွားကျောင်းခြင်းနှင့် လယ်ယာ၊ ဥယျာဉ်ခြံလုပ်ငန်းများလုပ်ကိုင်စဉ် မိုင်းထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် မြေမြှုပ်မိုင်းအန္တရာယ်သည် အရပ်သားကာကွယ်ရေးပြဿနာတစ်ရပ်သာမက အသက်မွေးဝမ်းကျောင်းများပုံမှန်လည်ပတ်နိုင်ရေးနှင့် နေရပ်ပြန်လည်အခြေချရေးတို့ကိုပါ ထိခိုက်စေသည့် ရေရှည်စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေသည်။

အာရက္ခတပ်တော်(AA) ထိန်းချုပ်ရာ ဒေသများတွင် မိုင်းရှင်းလင်းရေးသတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် မြေမြှုပ်မိုင်းအန္တရာယ် အသိပညာပေးခြင်းတို့ လုပ်ဆောင်နေသော်လည်း မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်များ ကျန်ရှိနေသဖြင့် အရပ်သားထိခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည်။ ထို့အပြင် ထိခိုက်အသက်ရှင်ကျန်ရစ်သူများအတွက် ဆေးကုသမှု၊ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီလိုအပ်မှုများလည်း ရှိနေသည်။

ဤလေ့လာချက်သည် ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အတွင်း ရခိုင်ပြည်တွင်း ဖြစ်ပွားခဲ့သည့် မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်ဆိုင်ရာ ဖြစ်စဉ်များကို ခြုံငုံလေ့လာထားခြင်းဖြစ်ပြီး၊ အရပ်သား

ထိခိုက်သေဆုံးမှု၊ ဖြစ်ပွားမှုပုံစံများ၊ အသက်မွေးဝမ်းကျောင်းနှင့် ကလေးသူငယ်များအပေါ် သက်ရောက်မှု၊ မိုင်းရှင်းလင်းရေးနှင့် ထိခိုက်အသက်ရှင်ကျန်ရစ်သူများ၏ ရေရှည်စိန်ခေါ်မှုများကို ဒေသတွင်းနှင့် နိုင်ငံတကာသတင်းမီဒီယာများအပြင် UNICEF ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ စုစည်းတင်ပြထားသည်။ အောက်ဖော်ပြပါ အချက်အလက်များသည် ဖြစ်စဉ်အားလုံးကို ဖော်ပြထားခြင်းမျိုးမဟုတ်ဘဲ လေ့လာချက်အတွက် လိုအပ်သည့် သက်ဆိုင်ရာ သတင်းများကိုသာ ထုတ်နုတ်ထားခြင်းဖြစ်ပေသည်။

## ၂။ အချက်အလက် အကျဉ်းချုပ်

### ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ

**(၁) ရခိုင်တိုက်ပွဲကာလ မိုင်းနင်းမိ၍ အရပ်သားထိခိုက်သေဆုံးမှု မြင့်တက်လာ (DMG)**

၂၀၂၃ နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၄ ဇန်နဝါရီ ၁၂ ရက်အတွင်း ဘူးသီးတောင်၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ အမ်း၊ ရသေ့တောင်နှင့် မောင်တောမြို့နယ် တို့တွင် မြေမြှုပ်မိုင်းကြောင့် အရပ်သား ၁ ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်များသည် စစ်ကောင်စီတပ်စခန်းနှင့် ရဲစခန်းအနီးတဝိုက်တွင် အဓိကဖြစ်ပွားခဲ့ပြီး၊ တိုက်ပွဲနှင့်အတူ အရပ်သားများ၏ နေ့စဉ်သွားလာမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် မိုင်းအန္တရာယ် မြင့်တက်လာနေသည်။

### ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ

**(၂) မြေပုံမြို့နယ်တွင် အရပ်သားတစ်ဦး မိုင်းနင်းမိ၍ လက်နှင့်ခြေထောက်ပြတ် (Narinjara)**

၂၀၂၄ ဖေဖော်ဝါရီ ၂၃ ရက်တွင် မြေပုံမြို့နယ်၊ ငှက်ပျောချောင်းကျေးရွာမှ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး ကျွဲစာရှာဖွေစဉ် မိုင်းနင်းမိ၍ ညာခြေထောက်နှင့် ညာလက်ပြတ်ကာ၊ ဘယ်ခြေထောက်နှင့် မေးစေ့တွင်လည်း ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်နေရာအနီးတွင် ယခင်က စစ်ကောင်စီတပ်များ တပ်စွဲခဲ့ဖူးကြောင်း သတင်းက ဖော်ပြထားသည်။

### ၂၀၂၄ ခုနှစ်၊ မတ်လ

**(၃) မင်းပြား၊ မြေပုံနှင့် ကျောက်ဖြူတွင် မိုင်းနှင့် စစ်လက်နက်အကြွင်းအကျန်ကြောင့် အရပ်သား ၅ ဦး ဒဏ်ရာရ (DMG & Narinjara)**

မတ်လ ၁၁ ရက်တွင် ကျောက်ဖြူမြို့ အရာရှိရပ်ကွက်နှင့် မင်းတက်တောင်ကျေးရွာမှ အမျိုးသား ၂ ဦး မိုင်းနင်းမိ၍ ဘယ်ခြေထောက်တစ်ဖက်စီ ပြတ်ခဲ့သည်။ မတ်လ ၁၃ ရက်တွင် မင်းပြားမြို့နယ်

ကျားရဲပြင်ကျေးရွာမှ အမျိုးသမီးတစ်ဦး ထင်းရှာစဉ် မိုင်းနင်းမိ၍ ဘယ်ခြေထောက်ပြတ်ခဲ့ပြီး၊ မြေပုံမြို့ ကံသာထွက်ဝရပ်ကွက်မှ အမျိုးသားတစ်ဦးလည်း မိုင်းနင်းမိ၍ ညာခြေထောက်ပြတ်ကာ ဘယ်ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ မတ်လ ၁၄ ရက်တွင် မင်းပြားမြို့နယ် ရန်တိုင်ကျေးရွာမှ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး စစ်လက်နက်အကြွင်းအကျန်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည်။

### (၄) ကျောက်ဖြူတွင် မိုင်းပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ (Narinjara)

၂၀၂၄ မတ်လ ၂၂ ရက်တွင် ပိန္နဲသီးခူး၍ ပြန်လာသည့် ကျောက်ဖြူဒေသခံတစ်ဦးသည် ကျောက်ဖြူမြို့နယ်၊ ဒိုးတန်းတောင် အမှတ် (၃၂) ရဲတပ်ရင်းအနီး ကြမ်းတက်တောင်တွင် မိုင်းနင်းမိ၍ ညာခြေထောက်ပြတ်ခဲ့သည်။ ၎င်းအား သွားရောက်ကယ်ဆယ်သည့် ရွာသားတစ်ဦးလည်း အနီးတွင် ထပ်မံမိုင်းပေါက်ကွဲမှုကြောင့် ခြေထောက်ပြတ်ကာ နောက်ပိုင်းသေဆုံးခဲ့သည်။ ဒေသခံများက အဆိုပါနေရာတွင် ယခင်က စစ်ကောင်စီတပ်များရှိခဲ့သဖြင့် မိုင်းအန္တရာယ်ရှိနိုင်ကြောင်း ပြောဆိုထားသည်။

## ၂၀၂၄ ခုနှစ်၊ ဧပြီလ

### (၅) မင်းပြားတွင် စစ်လက်နက်အကြွင်းအကျန်ပေါက်ကွဲ၍ ဖခင်သေဆုံး၊ သမီးပြင်းထန်ဒဏ်ရာရ (Narinjara)

၂၀၂၄ ခုနှစ်၊ ဧပြီ လ၊ ၆ ရက်နေ့တွင် မင်းပြားမြို့နယ်၊ င/တန်ပျင်းကျေးရွာ၌ အိမ်နောက်ဘက်တွင် တွေ့ရှိသည့် စစ်လက်နက်အကြွင်းအကျန်ဗုံးကို ထုခွဲကြည့်ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး အသက် ၅၈ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးကာ ၎င်း၏ အသက် ၂၈ နှစ်အရွယ်သမီးဖြစ်သူ ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါကျေးရွာတွင် တိုက်ပွဲကာလအတွင်း စစ်ကောင်စီတပ်များ တပ်စွဲခဲ့ဖူးပြီး၊ ဒေသခံများမှာ ရွာသို့ပြန်လည်နေထိုင်လာပြီးနောက် မိုင်းနှင့် စစ်လက်နက်အကြွင်းအကျန် (Explosive Remnants of War-ERW) အန္တရာယ်ကို ဆက်လက်ရင်ဆိုင်နေရသည်။

### (၆) ဧပြီလအတွင်း ကျောက်ဖြူမြို့နယ်၌ မိုင်းနင်းမိ၍ အရပ်သား ၄ ဦး ပြင်းထန်ဒဏ်ရာရ (DMG, Narinjara)

၂၀၂၄ ဧပြီလ ၉၊ ၂၀ နှင့် ၂၂ ရက်တို့တွင် ကျောက်ဖြူမြို့နယ်၌ မိုင်းနင်းမိမှု ၃ ကြိမ်ဖြစ်ပွားပြီး အရပ်သားအမျိုးသား ၄ ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်များမှာ မလကျွန်း–အုန်းတောကျေးရွာအကြား ငကောင်းစုတောင်၊ နှမ်းဖဲတောင်–ပြိုင်းစေ့ကေကျေးရွာကြား ငမောင်းဦးတောင်နှင့် ပြိုင်းစေ့ကေကျေးရွာအနီး တို့တွင် ဖြစ်ပွားခဲ့ပြီး၊ ထိခိုက်သူများမှာ ဟင်းသီးဟင်းရွက်ခူးခြင်းနှင့် နွားလွှတ်ခြင်းကဲ့သို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်စဉ် မိုင်းနင်းမိခဲ့ကြသည်။ သုံးဦးမှာ ခြေထောက်တစ်ဖက်စီ ပြတ်ခဲ့ပြီး တစ်ဦးမှာ ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ သတင်းများအရ အဆိုပါနေရာများတွင် စစ်ကောင်စီတပ်များ သွားလာ၊ စခန်းချ သို့မဟုတ်

တပ်စွဲမှုများရှိခဲ့ကြောင်း ဒေသခံများက ပြောဆိုထားသည်။

**(၇) စစ်တွေမြို့ပတ်ဝန်းကျင် မိုင်းထောင်ထားမှုကြောင့် ဒေသခံများ တိမ်းရှောင်ရန် ခက်ခဲ (DVB)**

၂၀၂၄ ဧပြီလတွင် စစ်တွေမြို့ကို ကုန်းလမ်းနှင့် ရေလမ်းများ ပိတ်ဆို့ထားသည့်အပြင် မြို့မှထွက်ခွာနိုင်သည့် လှေဆိပ်များနှင့် လမ်းကြောင်းများအပါအဝင် မြို့ပတ်ဝန်းကျင်တွင် စစ်ကောင်စီက မြေမြှုပ်မိုင်းများ ထောင်ထားသဖြင့် ဒေသခံများ တိမ်းရှောင်ရန် ခက်ခဲနေကြောင်း ဒေသခံများနှင့် နိုင်ငံရေးအသိုင်းအဝိုင်းကို ကိုးကား၍ DVB က ဖော်ပြသည်။ မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်သေဆုံးမှုများရှိကြောင်းလည်း ဒေသခံများက ပြောဆိုထားပြီး ပိတ်မိနေသူများသည် စားနပ်ရိက္ခာနှင့် ဆေးဝါးပြတ်လပ်မှုများကိုပါ ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်။

## ၂၀၂၄ ခုနှစ်၊ မေလ

**(၈) ကျောက်ဖြူ၊ တောင်ကုတ်နှင့် အမ်းတွင် မိုင်းနင်းမိ၍ အရပ်သား ၃ ဦး ပြင်းထန်ဒဏ်ရာရ (Narinjara)**

၂၀၂၄ မေ ၆–၇ ရက်အတွင်း ကျောက်ဖြူ၊ တောင်ကုတ်နှင့် အမ်းမြို့နယ်တို့တွင် မိုင်းနင်းမိ၍ အရပ်သား ၃ ဦး ခြေထောက်တစ်ဖက်စီ ပြတ်ခဲ့သည်။ မေ ၆ ရက်တွင် တောင်ကုတ်မှ အသက် ၄၈ နှစ်အရွယ် အမျိုးသမီးတစ်ဦး ကတက်ရိုးရှာဖွေစဉ်နှင့် အမ်းမှ အသက် ၁၅ နှစ်အရွယ် ကျောင်းသားတစ်ဦး သီဟိုဠ်စေ့ကောက်စဉ် မိုင်းနင်းမိခဲ့သည်။ မေ ၇ ရက်တွင်လည်း ကျောက်ဖြူမှ အသက် ၄၅ နှစ်အရွယ် အမျိုးသားတစ်ဦး ဝါးခုတ်သွားစဉ် မိုင်းနင်းမိ၍ ခြေထောက်ပြတ်ကာ ခန္ဓာကိုယ်အနှံ့ ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်သုံးခုစလုံးသည် စစ်ကောင်စီတပ်များ ထောင်ထားသည့် မိုင်းများနှင့် ဆက်စပ်ကြောင်း Narinjara ကဖော်ပြထားသည်။

**(၉) ရသေ့တောင်တွင် စစ်ကျန်မိုင်းနင်းမိ၍ လူငယ်တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ (Narinjara)**

၂၀၂၄ မေ ၁၅ ရက်တွင် ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာမှ လူငယ်သုံးဦး ကံပြင်ကျေးရွာသို့ သွားရာ ကံပြင်စာသင်ကျောင်းအနီး၌ မိုင်းနင်းမိခဲ့ပြီး အသက် ၁၆ နှစ်အရွယ် လူငယ်တစ်ဦး သေဆုံးကာ အခြားလူငယ်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ မိုင်းနင်းမိသူမှာ ဘယ်ခြေထောက်ပြတ်ကာ ပြင်းထန်ဒဏ်ရာရရှိပြီး ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ အတူပါလာသည့် အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အရွယ် လူငယ်နှစ်ဦးမှာ မိုင်းစထိမှန်၍ မျက်နှာနှင့် ခန္ဓာကိုယ်တွင် ဒဏ်ရာရရှိခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ ဇွန်လ

### (၁၀) ကျောက်ဖြူတွင် မိုင်းအန္တရာယ်ကြောင့် ဒေသခံများ သွားလာရေးနှင့် လယ်ယာလုပ်ငန်းများ ထိခိုက် (DMG)

၂၀၂၄ ဇွန်လအထိ ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာအများအပြားအနီး တောလမ်းများ၊ တောင်ကုန်းများ၊ လယ်ကွင်းဖြတ်လမ်းများ၊ တောစပ်နှင့် ဥယျာဉ်ခြံများတွင် မြေမြှုပ်မိုင်းများရှိနေသဖြင့် ဒေသခံများ၏ သွားလာရေးနှင့် လယ်ယာလုပ်ငန်းများ ထိခိုက်နေသည်။ DMG သတင်းဌာန၏တင်ပြချက်အရ အုန်းတော၊ ကုလားဘာ၊ မလကျွန်း၊ ပြိုင်းစေ့ကော၊ နှမ်းဖဲတောင်နှင့် အောင်စေတီ စသည့်ကျေးရွာများတွင် မိုင်းနင်းမိမှုကြောင့် အရပ်သား ၄ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည့်အပြင် ကျွဲ၊ နွားများလည်း ထိခိုက်သေဆုံးခဲ့သည်။ ဒေသခံများက စစ်ကောင်စီတပ်များ စစ်ကြောင်းထိုးခြင်း သို့မဟုတ် စခန်းချခြင်းပြုလုပ်ခဲ့သည့် နေရာများတွင် မိုင်းများထောင်ထားခဲ့ကြောင်း ပြောဆိုထားပြီး၊ မိုင်းအန္တရာယ်ကြောင့် အချို့တောင်သူများမှာ မိုးစပါးစိုက်ပျိုးရန်ပင် မလုပ်ဆောင်နိုင်သည့် အခြေအနေရှိနေသည်။

### (၁၁) သံတွဲတွင် ဟင်းသီးဟင်းရွက်ခူးသွားသည့် ဒေသခံတစ်ဦး မိုင်းနင်းမိ၍ သေဆုံး (DMG)

၂၀၂၄ ဇွန် ၁၇ ရက်တွင် သံတွဲမြို့နယ်၊ အလယ်ရွာမှ အသက် ၆၀ ကျော်အရွယ် အမျိုးသားတစ်ဦး ကျေးရွာအနီး လယ်ယာမြေသို့ ဟင်းသီးဟင်းရွက်ခူးရန်သွားစဉ် မိုင်းနင်းမိ၍ သွေးထွက်လွန်ကာ သေဆုံးခဲ့သည်။ ဒေသခံများအဆိုအရ အဆိုပါနေရာတွင် စစ်ကောင်စီတပ်များ တပ်စွဲခဲ့ပြီး AA နှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ဇွန် ၂ ရက်တွင် ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း DMG မှ ဖော်ပြထားသည်။

### (၁၂) တောင်ကုတ်တွင် မိုင်းနင်းမိ၍ အရပ်သားနှစ်ဦး ခြေထောက်ပြတ်၊ တစ်ဦးပျောက်ဆုံး (DMG)

၂၀၂၄ ဇွန် ၂၅ ရက်တွင် တောင်ကုတ်မြို့နယ်၊ ဒုံကျေးရွာမှ ဒေသခံသုံးဦး တောင်ကုတ်တက္ကသိုလ်အနောက်ဘက် တောင်တန်းသို့ ဟင်းသီးဟင်းရွက်ရှာဖွေရန် သွားစဉ် မိုင်းနင်းမိခဲ့သည်။ ပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦး၏ ဘယ်ခြေထောက်နှင့် အမျိုးသားတစ်ဦး၏ ညာခြေထောက် ပြတ်ခဲ့ပြီး အတူပါသွားသည့် အခြားအမျိုးသားတစ်ဦးမှာ ပျောက်ဆုံးနေကာ အခြေအနေကို အတည်မပြုနိုင်သေးကြောင်း DMG က ဖော်ပြထားသည်။ ဖြစ်စဉ်နေရာနှင့် သုံးဖာလုံခန့်အကွာရှိ တောင်ကုတ်တက္ကသိုလ်တွင် စစ်ကောင်စီတပ်များ တပ်စွဲထားပြီး အနီးဝန်းကျင်တွင် လုံခြုံရေးကင်းစခန်းများလည်း ချထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

**(၁၃) ဂွမြို့နယ်တွင် ဇူလိုင်လအတွင်း မိုင်းနင်းမိ၍ အရပ်သားနှစ်ဦး ခြေထောက်ပြတ် (DMG)**

၂၀၂၄ ဇူလိုင်လအတွင်း ဂွမြို့နယ်၊ ကျိန္တလီမြို့မှ ဒေသခံအမျိုးသားနှစ်ဦး ဟင်းရှာသွားစဉ် မိုင်းနင်းမိ၍ ခြေထောက်တစ်ဖက်စီ ပြတ်ခဲ့သည်။ ဇူလိုင် ၂ ရက်တွင် အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦး ညာခြေထောက်ပြတ်ခဲ့ပြီး၊ ဇူလိုင် ၇ ရက်တွင် အခြားအမျိုးသားတစ်ဦးလည်း မိုင်းနင်းမိ၍ ခြေထောက်ပြတ်ခဲ့သည်။ DMG အရ အဆိုပါဒေသရှိ တောတောင်နှင့် အခြားနေရာများတွင် စစ်ကောင်စီက မိုင်းများထောင်ထားကြောင်း ဒေသခံများကို အသိပေးထားသည်။

**(၁၄ ) မင်းပြားတွင် မိုင်းနင်းမိ၍ အရပ်သားတစ်ဦးသေဆုံး၊ တစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ (DMG)**

၂၀၂၄ ဇူလိုင်လအတွင်း မင်းပြားမြို့နယ်၌ မိုင်းနင်းမိမှုနှစ်ကြိမ်ဖြစ်ပွားပြီး အရပ်သားတစ်ဦး သေဆုံးကာ တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ဇူလိုင် ၇ ရက်တွင် ဖားပြုံကျေးရွာမှ အသက် ၂၆ နှစ်အရွယ် လူငယ်တစ်ဦး ကျေးရွာအနီးတောင်တန်း၌ ထင်းခုတ်စဉ် မိုင်းနင်းမိ၍ ဘယ်ခြေထောက်ပြတ်ကာ သွေးထွက်လွန်ပြီး သေဆုံးခဲ့သည်။ ဇူလိုင် ၁၁ ရက်တွင်လည်း မင်းပြားမြို့၊ အောင်သာယာရပ်ကွက်မှ အသက် ၂၂ နှစ်အရွယ် လူငယ်တစ်ဦး မျှစ်ချိုးရန်သွားစဉ် ယခင်စစ်ကောင်စီတပ် အခြေစိုက်ခဲ့သည့် ခမရ (၃၇၉) တပ်ရင်းအတွင်း မိုင်းနင်းမိ၍ ခြေထောက်တစ်ဖက်ပြတ်ကာ ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

**(၁၅) မိုင်းအန္တရာယ် သတိပေးချက် ULA/AA ထုတ်ပြန် (AA info desk)**

၂၀၂၄ ဇူလိုင် ၁၃ ရက်တွင် AA က သံတွဲ၊ မောင်တောနှင့် သိမ်းပိုက်ထားသည့် မြို့နယ်များရှိ စစ်ကောင်စီတပ်စခန်းဟောင်းများ၊ လမ်း၊ တံတား၊ စာသင်ကျောင်းနှင့် စားကျက်မြေများတွင် မိုင်းအန္တရာယ်ရှိနေကြောင်း သတိပေးခဲ့သည်။ အဆိုပါနေရာများသို့ သွားလာခြင်းနှင့် ကျွဲ၊ နွားများလွှတ်ကျောင်းခြင်းကို ရှောင်ကြဉ်ရန်လည်း တိုက်တွန်းထားသည်။



ရခိုင်ပြည်တွင်း တစ်နေရာ၌ မပေါက်ကွဲသေးသည့် မိုင်းအား တွေ့ရစဉ် (ဓါတ်ပုံ-narinjara)

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

### (၁၆) ဩဂုတ်လအတွင်း မိုင်းကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရ (DMG, Narinjara)

၂၀၂၄ ဩဂုတ်လအတွင်း ဂွ၊ မောင်တော၊ တောင်ကုတ်နှင့် မြေပုံမြို့နယ်တို့တွင် မိုင်းကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဩဂုတ် ၂ ရက်တွင် ဂွမြို့နယ်၊ ကျိန္တလီမှ အသက် ၄၁ နှစ်အရွယ် အမျိုးသားတစ်ဦး ထင်းအဖြစ်အသုံးပြုရန် သစ်တုံးကောက်စဉ် မိုင်းနင်းမိ၍ ညာခြေထောက်ပြတ်ခဲ့သည်။ ဩဂုတ်လ ၇ ရက်တွင် မောင်တောမြို့မှ အသက် ၄၀ ခန့်အရွယ် အမျိုးသားတစ်ဦး စစ်ဘေးရှောင်ရွှေ့ပြောင်းစဉ် မိုင်းနင်းမိ၍ ညာခြေထောက်ပြတ်ကာ ခန္ဓာကိုယ်အနှံ့ ဒဏ်ရာရရှိခဲ့သည်။ ဩဂုတ် ၁၃ ရက်တွင် တောင်ကုတ်မြို့မှ အသက် ၃၆ နှစ်အရွယ် အမျိုးသားတစ်ဦး ငါးရှာပြီးပြန်လာစဉ် မိုင်းနင်းမိ၍ ဘယ်ခြေထောက်ပြတ်ခဲ့သည်။ ဩဂုတ်လ ၁၆ ရက်တွင် မြေပုံမြို့မှ အသက် ၁၃ နှစ်အရွယ် ကလေးတစ်ဦး ထင်းခုတ်စဉ် မြေမြှုပ်မိုင်းကို ဓားဖြင့်ခုတ်မိရာမှ ပေါက်ကွဲပြီး မျက်နှာနှင့် ခြေထောက်တို့တွင် ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၂၄ ရက်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ သဇင်ကျေးရွာမှ အသက် ၃၇ နှစ်အရွယ် အမျိုးသားတစ်ဦး ခမရ (၅၅၀) အနီး တောင်ပေါ်သို့သွားစဉ် မိုင်းနင်းမိ၍ ခြေထောက်ပြတ်ကာ သေဆုံးခဲ့သည်။

ဩဂုတ်လ ၃၁ ရက်တွင် ကျောက်ဖြူမြို့နယ်၊ ဂုံးချိန်တိုက်နယ်၊ ငှက်ပျောချောင်းကျေးရွာမှ အသက် ၆၉ နှစ်အရွယ် အမျိုးသားတစ်ဦး နွားကျောင်းသွားစဉ် မိုင်းနင်းမိ၍ ဘယ်ခြေထောက် ပြတ်ကာ ခန္ဓာကိုယ်အနှံ့ ဒဏ်ရာရရှိပြီး သွေးထွက်လွန်၍ သေဆုံးခဲ့သည်။

**(၁၇) မာန်အောင်ရှိ ကျေးရွာအချို့အနီး စစ်ကောင်စီက မိုင်းထောင် (DMG)**

၂၀၂၄ ဩဂုတ်လတွင် မာန်အောင်မြို့နယ်၊ ခအုန်းမော်နှင့် ကန်တိုင်းအုပ်ကျေးရွာအနီး လယ်ယာမြေများနှင့် ပင်လယ်ကမ်းခြေ နေရာတချို့တွင် စစ်ကောင်စီတပ်က မိုင်းများ ထောင်ထားပြီး မိုင်းအန္တရာယ်သတိပေးဆိုင်းဘုတ်များ စိုက်ထူထားကြောင်း DMG က ဖော်ပြခဲ့သည်။

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

**(၁၈) ကျောက်ဖြူတွင် မိုင်းနင်းမိ၍ တစ်ဦးသေဆုံး၊ တစ်ဦး ပြင်းထန်ဒဏ်ရာရ (DMG)**

၂၀၂၄ စက်တင်ဘာလ ၈ ရက်တွင် စိုင်ခြုံကျေးရွာမှ အသက် ၅၈ နှစ်အရွယ် အမျိုးသားတစ်ဦး နွားကျောင်းစဉ် မိုင်းနင်းမိ၍ ညာခြေထောက်ပြတ်ခဲ့ပြီး မိသားစု၏ စီးပွားရေးအခက်အခဲကြောင့် ဆေးကုသစရိတ်အတွက် အရေးပေါ်အကူအညီ လိုအပ်ခဲ့သည်။ စက်တင်ဘာလ ၁၇ ရက်တွင်လည်း ကျောက်ဖြူမြို့မှ အသက် ၂၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး အောင်စေတီကျေးရွာအနီး ဟင်းခူးစဉ် မိုင်းနင်းမိ၍ ညာခြေထောက်ပြတ်ကာ သွေးထွက်လွန်၍ သေဆုံးခဲ့သည်။ DMG စာရင်းအရ ၂၀၂၃ နိုဝင်ဘာလမှ ၂၀၂၄ စက်တင်ဘာလအထိ ကျောက်ဖြူမြို့နယ်တွင် မိုင်းနင်းမိ၍ ၆ ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ

**(၁၉) တင်းမကျေးရွာတွင် နေအိမ်ရှင်းလင်းစဉ် မိုင်းပေါက်ကွဲမှုဖြစ်ပွား (DMG)**

၂၀၂၄ နိုဝင်ဘာလ ၂ ရက်တွင် ကျောက်တော်မြို့နယ်၊ တင်းမကျေးရွာသို့ နေရပ်ပြန်လာသည့် ဒေသခံများ နေအိမ်ပတ်ဝန်းကျင်ရှင်းလင်းစဉ် စုပုံထားသည့် ခြုံနွယ်များကို မီးရှို့ရာမှ မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ကြောင်းသိရသည်။ သို့ဖြစ်၍ ရခိုင်ပြည်တွင် စစ်ကျန်လက်နက်အန္တရာယ်ကြောင့် ဒေသခံများ လယ်ယာနှင့် တောင်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရန် အခက်အခဲရှိနေကြောင်း DMG က ဖော်ပြထားသည်။

## ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

### (၂၀) ၂၀၂၄ ခုနှစ် ရခိုင်ပြည်၌ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ထိခိုက်မှု (UNICEF)

၂၀၂၄ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ (Explosive Ordnance – EO) ပေါက်ကွဲမှု ဖြစ်စဉ် ၉၁ ခုအထိ မှတ်တမ်းတင်ထားပြီး အရပ်သား ၁၃၀ ဦး သေဆုံးဒဏ်ရာရရှိခဲ့သည်။ ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း မိုင်းနှင့် EO ကြောင့် ထိခိုက်ခဲ့သည့် အရပ်သားစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းရှိပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နှိုင်းယှဉ်ပါက ရခိုင်ပြည်နယ်သည် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးပြီးနောက် ထိခိုက်မှု တတိယအများဆုံး ဒေသဖြစ်ခဲ့သည်။

## ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ

### (၂၁) တောင်ကုတ်တွင် ထင်းရှာသွားသည့် အမျိုးသမီး မိုင်းနင်း၍ ခြေတစ်ဖက်ပြတ် (Narinjara)

၂၀၂၅ ဖေဖော်ဝါရီလ ၆ ရက်တွင် တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်မှ အသက် ၅၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ယခင်စစ်ကောင်စီတပ်စွဲခဲ့သည့် ခမရ (၃၄၆) အနီး ထင်းရှာသွားစဉ် စစ်ကျန်မိုင်းနင်းမိခဲ့သဖြင့်၊ အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ဘယ်ဘက်ခြေထောက် ပြတ်တောက်သွားပြီး ညာဘက်ခြေထောက်တွင်လည်း ပြင်းထန်ဒဏ်ရာရရှိခဲ့၍ ဆေးကုသမှုခံယူခဲ့ရသည်။

### (၂၂) မောင်တောတွင် မိုင်းနှင့် စစ်ကျန်လက်နက်များကြောင့် အရပ်သားထိခိုက်မှုများ (Narinjara)

၂၀၂၅ ဖေဖော်ဝါရီလ ၅ ရက်တွင် ရွှေဇားဂုံးနားရွာ၌ အသက် ၂၇ နှစ်အရွယ် လူငယ်တစ်ဦး နေအိမ်ရှိ ရေတိုင်ကီအနီး မျက်နှာသစ်ရန်သွားစဉ် မိုင်းနင်းမိ၍ ခြေတစ်ဖက်ပြတ်ခဲ့သည်။ နောက်တစ်ရက် ဖေဖော်ဝါရီလ ၆ ရက်တွင်လည်း အဆိုပါရွာ၌ အမျိုးသမီးတစ်ဦး အိမ်နောက်ဘက်သို့ ရေချပ်သွားစဉ် မိုင်းနင်းမိ၍ ခြေတစ်ဖက်ပြတ်ခဲ့ပြီး အနီးရှိ အသက် ၂ နှစ်အရွယ်ကလေးအပါအဝင် ၂ ဦး မိုင်းစထိမှန်ဒဏ်ရာရခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလ ၁၀ ရက်တွင် ရွာအတွင်းကောက်ရသည့် စစ်ကျန်ဗုံးသီးကို လက်ဖက်ရည်ဆိုင်၌ ကိုင်တွယ်ဆော့ကစားရာမှ ပေါက်ကွဲ၍ လူငယ်တစ်ဦး သေဆုံးပြီး ၄ ဦး ဒဏ်ရာ ရခဲ့သည်။ ယင်းဖြစ်စဉ်များနောက်ပိုင်း AA က မိုင်းရှင်းလင်းရေး လုပ်ဆောင်ခဲ့ရာ ဖေဖော်ဝါရီ ၁၂ ရက်အထိ မိုင်း ၃၀ ကျော် ဖယ်ရှားခဲ့သည်။ သို့သော် ဖေဖော်ဝါရီလ ၂၃ ရက်တွင် မောင်တောမြောက်ပိုင်း မီးတိုက်ရွာမှ အမျိုးသားတစ်ဦး ရွာမြောက်ဘက်တောင်သို့ ဝါးခုတ်သွားစဉ် စစ်ကျန်မိုင်းနင်းမိ၍ ခြေတစ်ဖက်ပြတ်ခဲ့သည်။

## ၂၀၂၅ ခုနှစ်၊ မတ်လ

### (၂၃) အမ်းတွင် ဒေသခံများ နေရပ်ပြန်ဝင်နိုင်ရေး ထောင်နှင့်ချီသည့်မိုင်းများကို AA ရှင်းလင်းနေ (Narinjara)

၂၀၂၄ ဒီဇင်ဘာ ၂၀ ရက်တွင် အမ်းမြို့နယ်ကို ထိန်းချုပ်ပြီးနောက် AA က ဒေသခံများ နေရပ်ပြန်နိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များ၊ ယခင်စစ်ကောင်စီတပ်စွဲရာနေရာများ၊ တိုက်ပွဲဖြစ်ပွားရာဒေသများ၊ တောင်တန်း၊ ဥယျာဉ်ခြံမြေနှင့် လယ်ယာစိုက်ခင်းများတွင် မိုင်းရှင်းလင်းရေးလုပ်ဆောင်နေပြီး ၂၀၂၅ မတ်လအထိ မိုင်းထောင်နှင့်ချီ ဖယ်ရှားထားကြောင်း ဒေသခံများကပြောသည်။ မိုင်းရှင်းလင်းမှု မပြီးစီးသေးသဖြင့် စစ်ရှောင်ဒေသခံအချို့ကို နေရပ်ပြန်ဝင်ခွင့် မပြုသေးကြောင်းလည်း Narinjara က ဖော်ပြထားသည်။

## ၂၀၂၅ ခုနှစ်၊ ဧပြီလ

### (၂၄) ဧပြီလအတွင်း ရခိုင်၌ မိုင်းနှင့် စစ်ကျန်လက်နက်များကြောင့် အရပ်သားထိခိုက်မှုများ ဆက်ဖြစ် (Narinjara)

၂၀၂၅ ဧပြီလအတွင်း ဂွ၊ တောင်ကုတ်နှင့် မြေပုံမြို့နယ်တို့တွင် မိုင်းနှင့် စစ်ကျန်လက်နက်များကြောင့် အရပ်သားထိခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ဧပြီလ ၃ ရက် ဂွတွင် ဟင်းရှာသွားသည့် အမျိုးသားတစ်ဦး မိုင်းနင်း၍ ခြေတစ်ဖက်ပြတ်ခဲ့ပြီး ဧပြီ ၄ ရက် တောင်ကုတ်တွင် ကောက်ယူလာသည့် စစ်ကျန်ဗုံးသီးကို ထုကစားရာမှ အသက် ၁၃ နှစ်အရွယ် ကလေးတစ်ဦးသေဆုံးကာ ၁၁ နှစ်အရွယ်ကလေးတစ်ဦး ဒဏ်ရာရခဲ့သည်။ ဧပြီလ ၉ ရက် မြေပုံနှင့် ဧပြီ ၁၀ ရက် တောင်ကုတ်တို့တွင် ဟင်းရှာသွားသူ သုံးဦး မိုင်းနင်း၍ ခြေထောက်များပြတ်ခဲ့သည်။ ထို့နောက် ဧပြီ ၂၄ ရက် တောင်ကုတ်တွင် တောရှင်းနေစဉ် စစ်ကျန်ဗုံးသီးတစ်လုံးကို ဆွဲနှုတ်မိရာမှ ပေါက်ကွဲ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

### (၂၅) မိုင်းရှင်းလင်းရေးနှင့် တုံ့ပြန်မှုဆိုင်ရာ စိန်ခေါ်မှုများ (Myanmar Now)

AA ထိန်းချုပ်ဒေသများတွင် မိုင်းရှင်းလင်းရေးနှင့် အန္တရာယ်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း မိုင်းရှင်းလင်းရေးအတွက် လိုအပ်သည့် စက်ကိရိယာနှင့် အထောက်အကူပြုပစ္စည်းများ အလုံအလောက်မရှိခြင်းသည် အဓိကစိန်ခေါ်မှုဖြစ်ကြောင်း AA ပြန်ကြားရေးတာဝန်ခံ ဦးခိုင်သုခက ပြောသည်။ ထို့ကြောင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ပိုမိုအရှိန်မြှင့်နိုင်ရန် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ပစ္စည်းနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များ လိုအပ်နေသည်။ ထို့အပြင် စားဝတ်နေရေးအတွက် တောတောင်များသို့ သွားရောက်ရသည့် ဒေသခံများ မိုင်းထိခိုက်မှု ဆက်လက်ကြုံတွေ့နေရပြီး၊ ခြေလက်အင်္ဂါဆုံးရှုံးသူများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ဘဝပြန်လည်ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီများလည်း လိုအပ်နေကြောင်း သတင်းတွင် ဖော်ပြထားသည်။

## ၂၀၂၅ ခုနှစ်၊ ဇွန်လ

### (၂၆) ဇွန်လနှောင်းပိုင်း ရခိုင်နှင့် နယ်စပ်ဒေသတွင် မိုင်းကြောင့် ထိခိုက်မှုများ ဆက်ရှိ (Narinjara)

၂၀၂၅ ဇွန်လ ၂၂ မှ ၃၀ ရက်အတွင်း တောင်ကုတ်နှင့် ကျောက်ဖြူမြို့နယ်တို့တွင် မိုင်းပေါက်ကွဲမှုကြောင့် အရပ်သား ၁ ဦးသေဆုံးပြီး ၂ ဦး ပြင်းထန်ဒဏ်ရာရခဲ့သည်။ ထိခိုက်သူများသည် လယ်ထွန်ခြင်း၊ ဟင်းရှာခြင်းနှင့် လမ်းလျှောက်ခြင်းတို့ ပြုလုပ်နေစဉ် မိုင်းထိခိုက်ခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်–ရခိုင်နယ်စပ်တွင်လည်း ဇွန် ၂၂ နှင့် ၂၅ ရက်တို့၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လူငယ် ၂ ဦး မိုင်းပေါက်ကွဲမှုကြောင့် ခြေထောက်ဆုံးရှုံးခဲ့သည်။ ထို့ကြောင့် ဖော်ပြပါဖြစ်စဉ်များအရ စုစုပေါင်း ၁ ဦးသေဆုံးပြီး ၄ ဦးဒဏ်ရာရခဲ့သည်။

### (၂၇) သံတွဲနှင့် ဂွတွင် မိုင်း ၂,၀၀၀ ကျော် ရှင်းလင်း (Narinjara)

၂၀၂၅ ဇွန်လအထိ အာရက္ခတပ်တော်က သံတွဲတွင် မိုင်း ၅၀၀ ခန့်နှင့် ဂွတွင် ၁,၅၀၀ ကျော် အပါအဝင် မိုင်းစုစုပေါင်း ၂,၀၀၀ ကျော် ရှင်းလင်းခဲ့ကြောင်း Narinjara က ဖော်ပြသည်။ မိုင်းရှင်းလင်းမှုများကို ယခင်တပ်စခွဲရာနေရာများ၊ လမ်းများ၊ တောတောင်နှင့် လယ်ယာစိုက်ခင်းများတွင် လုပ်ဆောင်နေသော်လည်း မိုင်းနှင့် မပေါက်ကွဲသေးသည့် စစ်ကျန်လက်နက်အန္တရာယ်ကြောင့် ဒေသခံများ၏ သွားလာမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်လက်ကန့်သတ်ခံနေရသည်။

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ

### (၂၈) အမ်းတွင် မိုင်းအန္တရာယ်ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက် (Narinjara)

၂၀၂၅ ဇူလိုင်လ ၂၃ ရက်တွင် အမ်းမြို့နယ်၌ မျှစ်ချိုးသွားသည့် အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦး မိုင်းနင်းမိ၍ ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့သည်။ အမ်းတွင် ဖေဖော်ဝါရီလမှ ဇူလိုင်လအတွင်း မိုင်းဖြစ်စဉ် အနည်းဆုံး ၆ ကြိမ် ဖော်ပြထားပြီး ၁ ဦးသေဆုံးကာ အနည်းဆုံး ၆ ဦး ဒဏ်ရာရခဲ့သည်။ ထိခိုက်မှုအများစုမှာ ထင်းနှင့်ဝါးခုတ်ခြင်း၊ သစ်သီးနှင့်မျှစ်ရှာခြင်း၊ ယာခင်းသို့သွားခြင်းကဲ့သို့ အသက်မွေးဝမ်းကျောင်းနှင့် စားဝတ်နေရေးဆိုင်ရာ လှုပ်ရှားမှုများအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

### (၂၉) စစ်တွေတက္ကသိုလ်နှင့် လူနေရပ်ကွက်များအနီး မိုင်းများ ပိုမိုထောင်ထားဟု သတင်းဖော်ပြ (Narinjara)

၂၀၂၅ ဩဂုတ်လအတွင်း စစ်ကောင်စီစစ်တပ်သည် စစ်တွေမြို့ရှိ တက္ကသိုလ်ပတ်ဝန်းကျင်၊

လေယာဉ်ကွင်း၊ ဘုမေရပ်ကွက်၊ ကမ်းနားလမ်းနှင့် မြို့အနီးကျေးရွာများအပါအဝင် စစ်ရေးအရ အရေးပါသည့်နေရာများတွင် မိုင်းများ ယခင်ထက် ပိုမိုထောင်ထားကြောင်း ဒေသခံများကို ကိုးကား၍ Narinjara က ဖော်ပြသည်။ တက္ကသိုလ်နောက်ဘက် ကွင်းပြင်များအပါအဝင် အချို့နေရာများသည် ဒေသခံများ ဟင်းသီးဟင်းရွက်နှင့် အစားအစာရှာဖွေလေ့ရှိသည့် နေရာများဖြစ်သဖြင့် အရပ်သားများ မိုင်းထိခိုက်နိုင်သည့် အန္တရာယ် မြင့်တက်လာကြောင်း ဒေသခံများက စိုးရိမ်ထားသည်။

## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ

### (၃၀) ရခိုင်တွင် မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်လက်နက်ပစ္စည်း ထိခိုက်မှု နိုင်ငံအတွင်း ဒုတိယအများဆုံး (UNICEF)

UNICEF ၏ ၂၀၂၅ ခုနှစ် မှတ်တမ်းအရ ရခိုင်ပြည်သည် မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေတတ်သော စစ်လက်နက်ပစ္စည်း (EO) ဖြစ်စဉ်နှင့် အရပ်သားထိခိုက်သေဆုံးမှု နှစ်မျိုးစလုံးတွင် ရှမ်းပြည်နယ်ပြီးနောက် နိုင်ငံအတွင်း ဒုတိယအများဆုံး ဖြစ်ခဲ့သည်။ ရခိုင်တွင် ဖြစ်စဉ် ၇၄ ခု မှတ်တမ်းတင်ခဲ့ပြီး အရပ်သား ၁၁၇ ဦး ထိခိုက်သေဆုံးခဲ့ကာ တစ်နိုင်ငံလုံးရှိ ဖြစ်စဉ်စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းနှင့် အရပ်သားထိခိုက်သေဆုံးမှု၏ ၁၆ ရာခိုင်နှုန်း ရှိခဲ့သည်။

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ

### (၃၁) မောင်တောနှင့် အမ်းမြို့နယ်တို့တွင် မိုင်းနှင့် စစ်ကျန်လက်နက်ကြောင့် ထိခိုက်သေဆုံးမှုရှိ (BNA, Narinjara)

၂၀၂၆ ဇန်နဝါရီလအတွင်း မောင်တောနှင့် အမ်းမြို့နယ်တို့တွင် မိုင်းနှင့် စစ်ကျန်လက်နက်ကြောင့် ၁ ဦးသေဆုံးပြီး ၁ ဦး ပြင်းထန်ဒဏ်ရာရခဲ့သည်။ ဇန်နဝါရီ ၁၀ ရက်တွင် မောင်တောမြို့နယ်၊ တောင်ဘဇာရွာမှ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦး သစ်ခုတ်ပြီးပြန်လာစဉ် မိုင်တိုင် ၅၀ ဂိတ်ကုန်းအနီး မိုင်းနင်းမိ၍ ခြေတစ်ဖက်ဆုံးရှုံးခဲ့သည်။ ဇန်နဝါရီလ ၁၉ ရက်တွင် အမ်းမြို့နယ်၊ အောက်ရွာ (ဆီဆိုင်ကုန်း) မှ အသက် ၈ နှစ်အရွယ် ကလေးတစ်ဦး ရွာအနီး ငှက်ပျောခင်းသို့ ငှက်ပျောသီးခူးသွားစဉ် စစ်ကျန်ဗုံးသီးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်။

## ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ

### (၃၂) စစ်တွေတွင် မိုင်းနင်းမိ၍ စစ်ဘေးရှောင်အမျိုးသားတစ်ဦး သေဆုံး (Western News)

၂၀၂၆ ဖေဖော်ဝါရီလလယ်ခန့်တွင် စစ်တွေမြို့၊ ကျေးတောရပ်ကွက်မှ အသက် ၅၀ အရွယ် စစ်ဘေးရှောင်အမျိုးသားတစ်ဦး နေအိမ်သို့ ပြန်လည်ကြည့်ရှုရန်သွားစဉ် မြေမြှုပ်မိုင်းနင်းမိ၍ သေဆုံးခဲ့သည်။ Western News က ဒေသခံများကို ကိုးကား၍ စစ်တွေမြို့ပတ်ဝန်းကျင်ရှိ

ကျေးတော၊ ကိုရီးယားဆိပ်ကမ်း၊ ပွိုင့်ကမ်းခြေ၊ လေဆိပ်နှင့် အခြားစစ်ရေးအရ အရေးပါသည့် နေရာများတွင် စစ်ကောင်စီတပ်များက မိုင်းများထောင်ထားကြောင်း ဖော်ပြထားသည်။

**(၃၃) မင်းပြားတွင် စစ်ကျန်ဗုံးသီးပေါက်ကွဲ၍ အမျိုးသား ၂ ဦးသေဆုံး (Narinjara)**

၂၀၂၆ ဖေဖော်ဝါရီ ၁၄ ရက်တွင် မင်းပြားမြို့နယ်၊ ဖားပျော်ကျေးရွာအရှေ့ဘက်၌ ထင်းခုတ်လုပ်ကိုင်သည့် အသက် ၂၇ နှစ်နှင့် ၃၅ နှစ်အရွယ် အမျိုးသားနှစ်ဦး ခုတ်ထားသည့်ထင်းများ သွားယူစဉ် စစ်ကျန်ဗုံးသီးတစ်လုံးကို တွေ့ရှိခဲ့ရာ၊ အဆိုပါဗုံးသီးကို ဓားဖြင့်ခုတ်ကြည့်သဖြင့် ပေါက်ကွဲပြီး နှစ်ဦးစလုံး ပွဲချင်းပြီးသေဆုံး ခဲ့သည်။

## ၂၀၂၆ ခုနှစ်၊ မတ်လ

**(၃၄) မတ်လအတွင်း မိုင်းနှင့် စစ်ကျန်လက်နက်ကြောင့် ၁ ဦးသေဆုံး၊ ၄ ဦးဒဏ်ရာရ (Western News)**

၂၀၂၆ မတ်လ ၁၈ ရက်မှ ၂၄ ရက်အတွင်း သံတွဲ၊ မြေပုံ၊ မင်းပြားနှင့် တောင်ကုတ်မြို့နယ်တို့တွင် မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်ပေါက်ကွဲမှု ၅ ကြိမ်ဖြစ်ပွားပြီး အရပ်သား ၁ ဦးသေဆုံးကာ ၄ ဦးဒဏ်ရာရခဲ့သည်။ သံတွဲ၊ မြေပုံ၊ မင်းပြားနှင့် တောင်ကုတ်တို့တွင် ထင်းရှာခြင်းနှင့် ယခင်တပ်စွဲရာနေရာအနီး သွားလာခြင်းတို့အတွင်း မိုင်းနင်းမိမှုကြောင့် ၁ ဦးသေဆုံးပြီး ၃ ဦးဒဏ်ရာရခဲ့ကာ၊ တောင်ကုတ်တွင် အသက် ၁၁ နှစ်အရွယ် ကလေးတစ်ဦး ယခင်တပ်စခန်းအနီးမှ ကောက်ယူလာသည့် ၄၀ မမ စစ်ကျန်ဗုံးသီးကို ထုခွဲကစားရာမှ ပေါက်ကွဲ၍ ပြင်းထန်ဒဏ်ရာရခဲ့သည်။

**(၃၅) ဘင်္ဂလားဒေ့ရှ်–ရခိုင်နယ်စပ်တွင် မိုင်းပေါက်ကွဲမှုကြောင့် လူငယ် ၂ ဦး ခြေထောက်ဆုံးရှုံး (Narinjara)**

၂၀၂၆ မတ်လ ၂၆ နှင့် ၂၉ ရက်တို့တွင် ဘင်္ဂလားဒေ့ရှ်–ရခိုင်နယ်စပ် နတ်မြစ်နှင့် စီရိုမျဉ်းအနီး၌ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၂ ကြိမ်ဖြစ်ပွားပြီး ဒုက္ခသည်လူငယ် ၂ ဦး ပြင်းထန်ဒဏ်ရာရကာ ခြေထောက်တစ်ဖက်စီ ဆုံးရှုံးခဲ့သည်။ မတ် ၂၉ ရက်ဖြစ်စဉ်တွင် ဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦး ငါးဖမ်းပြီးနောက် မြန်မာဘက်ကမ်းသို့ တက်ရောက်စဉ် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး၊ မတ်လ ၂၆ ရက်တွင်လည်း အသက် ၂၅ နှစ်အရွယ် ဒုက္ခသည်လူငယ်တစ်ဦး နယ်စပ်စီရိုမျဉ်းအနီး မိုင်းပေါက်ကွဲမှုကြောင့် ပြင်းထန်ဒဏ်ရာရခဲ့သည်။

## ၂၀၂၆ ခုနှစ်၊ ဧပြီလ

### (၃၆) မောင်တောတွင် ကလေးတစ်ဦး မိုင်းနင်း၍ ခြေထောက်ဆုံးရှုံးပြီး မိုင်း ၂၂ လုံး ရှင်းလင်းတွေ့ရှိ (Narinjara)

၂၀၂၆ ဧပြီလ ၂၇ ရက်တွင် မောင်တောမြို့နယ်၊ လေးမိုင် (မွတ်ဆလင်) ကျေးရွာအနီး၌ အသက် ၁၂ နှစ်အရွယ် ကလေးတစ်ဦး သရက်သီးခူးနေစဉ် မြေမြှုပ်မိုင်းနင်းမိ၍ ဘယ်ဘက်ခြေထောက်ဆုံးရှုံးခဲ့သည်။ ယင်းဖြစ်စဉ်နောက်ပိုင်း AA က အဆိုပါဒေသတွင် မိုင်းရှင်းလင်းရေးလုပ်ဆောင်ရာ မြေမြှုပ်မိုင်း ၂၂ လုံးကို ရှာဖွေဖယ်ရှားခဲ့သည်။ အဆိုပါမိုင်းများကို မောင်တောအား AA မသိမ်းပိုက်မီ မြန်မာစစ်တပ်က ထောင်ထားခဲ့ခြင်းဖြစ်သည်ဟု ယူဆကြောင်း ဖော်ပြထားပြီး မောင်တောနှင့် အနီးဝန်းကျင်ဒေသများတွင် မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း ဖော်ပြထားသည်။

### (၃၇) စစ်တွေတွင် ဧပြီလအတွင်း မိုင်းနင်းမိ၍ အရပ်သား ၂ ဦး ခြေထောက်ဆုံးရှုံး (Narinjara)

၂၀၂၆ ဧပြီလအတွင်း စစ်တွေမြို့နယ်၌ မြေမြှုပ်မိုင်းနင်းမိမှု ၂ ကြိမ်ဖြစ်ပွားပြီး အရပ်သား ၂ ဦး ခြေထောက်တစ်ဖက်စီ ဆုံးရှုံးခဲ့သည်။ ဧပြီလ ၁၇ ရက်တွင် ဓားပိုင် မွတ်ဆလင်ကယ်ဆယ်ရေးစခန်းမှ အသက် ၄၅ နှစ်အရွယ် အမျိုးသားတစ်ဦး စခန်းပတ်ဝန်းကျင်၌ မိုင်းနင်းမိခဲ့ပြီး၊ ဧပြီလ ၂၉ ရက်တွင် အုန်းတောကြီးကျေးရွာမှ အသက် ၁၀ နှစ်အရွယ် မိန်းကလေးတစ်ဦး မိခင်နှင့်အတူ ရွာအနီး ထင်းရှာနေစဉ် မိုင်းနင်းမိ၍ ညာဘက်ခြေထောက်ဆုံးရှုံးခဲ့သည်။ ဒေသခံများက အဆိုပါမိုင်းများကို စစ်တပ်က ထောင်ထားခြင်းဖြစ်ကြောင်း ပြောဆိုထားပြီး စစ်တွေမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် ချောင်းကမ်းစပ်နေရာများတွင် မိုင်းအန္တရာယ်ရှိနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

## ၂၀၂၆ ခုနှစ်၊ ဇွန်

### (၃၈) မြေမြှုပ်မိုင်းထိခိုက်သူများ၏ ရေရှည်အသက်မွေးဝမ်းကျောင်း အခက်အခဲ (The Diplomat)

မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်များ၏ သက်ရောက်မှုသည် ပေါက်ကွဲမှုဖြစ်စဉ်အတွင်း ထိခိုက်သေဆုံးမှုများ သာမက အသက်ရှင်ကျန်ရစ်သူများ၏ ရေရှည်အသက်မွေးဝမ်းကျောင်းအပေါ်ပါ သက်ရောက်မှုရှိနေသည်။ The Diplomat မှ တွေ့ဆုံမေးမြန်းထားသည့် ရခိုင်ပြည်မှ မြေမြှုပ်မိုင်းထိခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူများ၏ အတွေ့အကြုံများတွင် ထင်း၊ ဝါးနှင့် ဟင်းသီးဟင်းရွက်ရှာဖွေခြင်း၊ ကျွဲနွားကျောင်းခြင်းကဲ့သို့ နေ့စဉ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်စဉ် မိုင်းထိခိုက်ခဲ့သူများ ပါဝင်ပြီး၊ ခြေ/လက် အင်္ဂါထိခိုက်ဆုံးရှုံးမှုနောက်ပိုင်း ယခင်လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း နှင့် ဝင်ငွေဆုံးရှုံးမှု၊ ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေးလိုအပ်ချက်များအပါအဝင် ရေရှည်လူမှုစီးပွားသက်ရောက်မှုများ

ဖြစ်ပေါ်စေကြောင်း ဖော်ပြထားသည်။

## ၂၀၂၆ ခုနှစ်၊ ဇူလိုင်

### (၃၉) မောင်တောတွင် ဇူလိုင်လအတွင်း M-14 မိုင်း ၁၀၂ လုံး ရှင်းလင်း (Narinjara)

၂၀၂၆ ဇူလိုင်လအတွင်း မောင်တောမြို့နယ်၌ AA မိုင်းရှင်းလင်းရေးအဖွဲ့က M-14 အမျိုးအစား မြေမြှုပ်မိုင်း စုစုပေါင်း ၁၀၂ လုံး ရှင်းလင်းဖယ်ရှားခဲ့သည်။ ဇူလိုင်လ ၃ ရက်တွင် လဘော်ဇား တံတားအနီး ဂေါင်ညာရွာပတ်ဝန်းကျင်မှ မြေမြှုပ်မိုင်း ၃၅ လုံး ရှင်းလင်းခဲ့ပြီး၊ ဇူလိုင်လ ၂၅ ရက် တွင် ဇူလာ၊ ဟိုရီတာလာ၊ အီတာလီယာနှင့် ဇာင်တီလာကျေးရွာများအကြား ရွာချင်းဆက်လမ်းများ တစ်လျှောက်မှ ၆၇ လုံး ထပ်မံရှင်းလင်းခဲ့သည်။ သတင်းများတွင် ယင်းမိုင်းများသည် ယခင် တိုက်ပွဲကာလအတွင်း ထောင်ထားခဲ့သည့် မိုင်းများဖြစ်ကြောင်း ဖော်ပြထားပြီး ဒေသခံများ အသုံးပြုသည့် လမ်းများနှင့် တောတောင်များတွင် မိုင်းရှင်းလင်းရေး ဆက်လက်လုပ်ဆောင်နေ ကြောင်း ဆိုသည်။

## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

### (၄၀) မောင်တောတွင် စစ်ကျန်ဗုံးသီးပေါက်ကွဲ၍ ကလေး ၁၀ ဦး ဒဏ်ရာရ (DMG)

၂၀၂၆ ဩဂုတ်လ ၂၀ ရက်တွင် မောင်တောမြို့နယ်၊ အင်းဒင်ကျေးရွာ၌ အသက် ၅ နှစ်မှ ၁၀ နှစ် ဝန်းကျင် ကလေးများ စစ်ကျန်ဗုံးသီးတစ်လုံးကို ခြံဝင်းအတွင်း ထုခွဲဆော့ကစားရာမှ ပေါက်ကွဲ၍ ကလေး ၁၀ ဦး ဒဏ်ရာရခဲ့ပြီး ၆ ဦးမှာ ဒဏ်ရာပြင်းထန်ခဲ့သည်။ အဆိုပါဗုံးသီးကို မည်သည့်နေရာ မှ ရရှိခဲ့သည်ကို မသိရသော်လည်း အင်းဒင်ကျေးရွာတွင် ယခင်တိုက်ပွဲကာလအတွင်း စစ်တပ်တပ် စွဲခဲ့ဖူးသဖြင့် စစ်ကျန်လက်နက်ဖြစ်နိုင်ကြောင်း ဒေသခံများက ယူဆထားသည်။ မောင်တောတွင် မိုင်းရှင်းလင်းရေးများ လုပ်ဆောင်နေသော်လည်း မိုင်းနှင့် စစ်ကျန်လက်နက်အန္တရာယ် ဆက်လက် ရှိနေပြီး ယခုဖြစ်စဉ်တွင် ကလေးများ အဓိကထိခိုက်ခဲ့ခြင်း ဖြစ်သည်။

## ၃။ တွေ့ရှိချက်များ

**၁။** ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း စုစည်းလေ့လာထားသည့် ဖြစ်စဉ်များအရ ရခိုင်ပြည်ရှိ မြို့နယ်အများအပြားတွင် မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်များ ပေါက်ကွဲမှုကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။ ထိခိုက်မှုများတွင် သေဆုံး ခြင်း၊ ပြင်းထန်ဒဏ်ရာရခြင်းနှင့် ခြေလက်အင်္ဂါဆုံးရှုံးခြင်းတို့ပါဝင်ပြီး၊ ဖြစ်စဉ်များ၏ ပထဝီ အနေအထားအရ မြေမြှုပ်မိုင်းနှင့် စစ်ကျန်လက်နက်အန္တရာယ်သည် ဒေသတစ်ခုတည်းတွင် ကန့်သတ်မနေဘဲ ရခိုင်ပြည်မြို့နယ်အနှံ့တွင် အန္တရာယ်သက်ရောက်နေကြောင်းတွေ့ရသည်။

**၂။** ဖြစ်စဉ်အများစုသည် တိုက်ပွဲအတွင်း တိုက်ရိုက်ဖြစ်ပွားခြင်းထက် အရပ်သားများ၏ နေ့စဉ်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လည်ပတ်လုပ်ဆောင်ခြင်းနှင့် ဆက်စပ်နေသည်။ ထင်းနှင့်ဝါးခုတ်ခြင်း၊ အစားအစာရှာဖွေခြင်း၊ ငါးဖမ်းခြင်း၊ ကျွဲနွားကျောင်းခြင်းနှင့် လယ်ယာ၊ ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်စဉ် ထိခိုက်မှုများကို ထပ်တလဲလဲတွေ့ရှိခြင်းက မိုင်းအန္တရာယ်နှင့် အသက်မွေးဝမ်းကျောင်းမလုံခြုံမှုတို့မှာ နီးကပ်စွာ ဆက်နွယ်နေကြောင်း ဖော်ပြသည်။

**၃။** ကလေးသူငယ်များသည်လည်း မိုင်းနှင့် စစ်ကျန်လက်နက်များအကြား အထူးထိခိုက်လွယ်သည့် အုပ်စုတစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် မပေါက်ကွဲသေးသည့် လက်ပစ်ဗုံး၊ ၄၀ မမ ဗုံးသီးနှင့် အခြားစစ်ကျန်လက်နက်များကို ကောက်ယူခြင်း၊ ကိုင်တွယ်ခြင်းနှင့် ဆော့ကစားခြင်းတို့မှ ကလေးများသေဆုံးဒဏ်ရာရသည့်ဖြစ်စဉ်များကို ထပ်တလဲလဲတွေ့ရှိရပြီး ကလေးများအတွက် အန္တရာယ်အသိပညာပေးမှု ပိုမိုလိုအပ်နေကြောင်း ဖော်ပြသည်။

**၄။** မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်စဉ်များကိုလေ့လာရာတွင် ယခင်တိုက်ပွဲဖြစ်ပွားရာနေရာများနှင့် တပ်စခန်းဟောင်းများအနီး မိုင်းနှင့် စစ်ကျန်လက်နက်အန္တရာယ်များကို ပိုမိုထင်ရှားစွာ တွေ့ရှိရသည်။ ဖြစ်စဉ်အများအပြားတွင် ဒေသခံများနှင့် သတင်းရင်းမြစ်များက မြေမြှုပ်မိုင်းများကို ယခင်မြန်မာစစ်တပ် တပ်စွဲစဉ် ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

**၅။** စစ်တွေမြို့နယ်၏ အခြေအနေသည် အခြားဒေသများနှင့် အနည်းငယ်ကွဲပြားပြီး မိုင်းအန္တရာယ်သည် အရပ်သားများ၏ လွတ်လပ်စွာသွားလာနိုင်မှုနှင့် တိမ်းရှောင်နိုင်မှုတို့နှင့်ပါ ဆက်နွယ်နေကြောင်း တွေ့ရသည်။ မြို့ဝင်ထွက်လမ်းကြောင်းများနှင့် လူနေရပ်ကွက်များအနီး မိုင်းရှိနေကြောင်း သတင်းများနှင့် တိမ်းရှောင်ရန်ကြိုးပမ်းသူများကိုပင် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များက မိုင်းအန္တရာယ်သည် လုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းနိုင်မှုအပေါ်ပါ အဟန့်အတားဖြစ်နေကြောင်း ဖော်ပြသည်။

**၆။** အာရက္ခတပ်တော် ထိန်းချုပ်ဒေသများတွင် မိုင်းရှင်းလင်းရေးနှင့် အန္တရာယ်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ရှင်းလင်းရေးစွမ်းရည်၊ နည်းပညာနှင့် စက်ပစ္စည်းလိုအပ်ချက်အကြား ကွာဟမှုရှိနေကြောင်း တွေ့ရသည်။ မိုင်းအများအပြား ဖယ်ရှားခဲ့သည့် ဖြစ်စဉ်များရှိသော်လည်း လိုအပ်သည့် မိုင်းရှင်းလင်းရေးစက်ကိရိယာများ မလုံလောက်ခြင်းကို အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ဖော်ပြထားသည်။

**၇။** မိုင်းထိခိုက်မှု၏ အကျိုးဆက်သည် ဖြစ်စဉ်ဖြစ်ပွားချိန်နှင့်သာ အဆုံးမသတ်ဘဲ အသက်ရှင်ကျန်ရစ်သူများနှင့် မိသားစုများအပေါ် ရေရှည်သက်ရောက်မှုရှိနေကြောင်း တွေ့ရှိရသည်။ ခြေလက်အင်္ဂါဆုံးရှုံးမှုများသည် ယခင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်မှုကို လျော့နည်းစေပြီး ဆေးကုသမှု၊ ကိုယ်လက်နှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး၊ ခြေတုလက်တုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရေရှည်အကူအညီများ လိုအပ်မှုကို ဖြစ်ပေါ်စေသည်။

## ၄။ သုံးသပ်ချက်

၁၉၉၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော အော်တာဝါ စာချုပ် (Ottawa Treaty) သို့မဟုတ် လူသတ်မိုင်း တားမြစ်ရေး သဘောတူစာချုပ် (Anti-Personnel Mine Ban Convention) သည် စစ်ပွဲများတွင် မိုင်းအသုံးပြုခြင်းမရှိစေရေးနှင့် စစ်ကျန်မိုင်းများ၏ လူသားထုအပေါ် သက်ရောက်မှုကို တားမြစ်၊ လျှော့ချနိုင်ရန် ကြိုးပမ်းသော အဓိက နိုင်ငံတကာဥပဒေတစ်ခု ဖြစ်သည်။ သို့သော် အဆိုပါစာချုပ်ကိုပင် အဓိကနိုင်ငံကြီးများဖြစ်သော အမေရိကန် ပြည်ထောင်စု၊ တရုတ်၊ ရုရှား၊ အိန္ဒိယကဲ့သို့ နိုင်ငံကြီးများမှ လက်မှတ်ရေးထိုးထားခြင်းမရှိပေ။

စစ်ပွဲများအတွင်း မိုင်းအသုံးပြုခြင်းသည် သက်ဆိုင်ရာတပ်ဖွဲ့အတွက် နယ်မြေထိန်းချုပ်ရေးနှင့် ရန်သူ့တပ်ဖွဲ့အား နေရာကန့်သတ်ရေး၊ အင်အားကို အဆပေါင်းများစွာတိုးချဲ့စေခြင်း (force multiplication)၊ ရန်သူအား စိတ်ပိုင်းဆိုင်ရာနှင့် လှုပ်ရှားမှုများကို အဖျက်အမှောက်ဖြစ်စေခြင်း စသည့် အားသာချက်များကို ဖြစ်စေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ပြည်တွင်းစစ်၌ ဘက်အသီးသီးမှ တပ်များသည်လည်း စစ်ရေးအားသာချက်အတွက် မိုင်းများကို နည်းလမ်းအမျိုးမျိုးဖြင့် သုံးနေကြသည်။ မိုင်းများကို ယေဘုယျအားဖြင့် မြေမြှုပ်မိုင်း (landmines) နှင့် ရေမြှုပ်မိုင်း (submarine mines) ဟူ၍ ခွဲခြားနိုင်ပြီး၊ မြေမြှုပ်မိုင်းထဲတွင်လည်း တင့်ကားဖျက်မိုင်း (antitank mines) နှင့် လူသတ်မိုင်း (antipersonnel mines) ဟူ၍ ခွဲထားသည်။

ယခုလေ့လာချက်ထဲတွင် တွေ့ရှိရသည့် သာမန်ပြည်သူများကို အဓိကထိခိုက်စေသော မိုင်းများမှာ လူသတ်မိုင်းများဖြစ်နိုင်ပြီး၊ အဓိကအားဖြင့် တပ်စခန်းများ အခြေစိုက်ရာနေရာများကို ကာကွယ် ရန်နှင့် ရန်သူတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားလမ်းကြောင်းများအားနှောင့်ယှက်ရန် ထောင်ထားခြင်းဖြစ် နိုင်သည်။ ထိုသို့ဖြင့် တိုက်ပွဲကာလများအတွင်း မပေါက်ကွဲဘဲကျန်လိုက်ရာမှ အရပ်သားပြည် သူများမှ စားဝတ်နေရေးဖြေရှင်းရန် တောတောင်များအနီး သွားရာမှဖြစ်စေ၊ မသိနားမလည် သူများက မှားယွင်းကိုင်တွယ်မိခြင်းနှင့် ကလေးသူငယ်များက ဆော့ကစားမိရာမှဖြစ်စေ ယခုကဲ့သို့ သေကြေဒဏ်ရာရမှုများ ဖြစ်ပေါ်လာရသည်။

မြေမြှုပ်မိုင်းများထောင်ခြင်းသည် လွယ်ကူသလောက်၊ ပြန်လည် ဖော်ထုတ်ပယ်ဖျက် (neutralize) ရ ခြင်းသည် အလွန်ခက်ခဲတတ်သည်။ အထူးသဖြင့် ဒေသခံပြည်သူများ၏ အကျိုးကို ရှေးရှုရမည့် အစား ငွဲညှာမှု အားနည်းသော စစ်ကောင်စီ (မြန်မာစစ်တပ်)သည် မိုင်းများကို စည်းကမ်းမဲ့ထောင် လေ့ရှိပြီး၊ ရခိုင်ပြည်မှ နေရာအများစုတွင် စစ်ရှုံးသွားသည့်အခါ ၎င်းတို့ထောင်ထားသည့် မိုင်း များ၏တည်နေရာကို အတိအကျသိရန် ခက်ခဲပေသည်။

တဖက်တွင် မိုင်းရှင်းလင်းရေးလုပ်ရန် အဓိကတာဝန်ရှိလာသော အေအေ (AA) ထံတွင်လည်း လိုအပ်သော ပစ္စည်းကရိယာနှင့် နည်းပညာ အလုံအလောက် မရှိသောကြောင့် မိုင်းရှင်းလင်းရေး လုပ်ငန်းမှာ ထိရောက်မှုအားနည်းနေသည်ကို တွေ့ရပြီး၊ သာမာန်ပြည်သူများမှာ အသက်၊ ခြေလက် အင်္ဂါများ ဆုံးရှုံးနေရကာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများလည်း ထပ်ဆင့်ဆုံးရှုံး နေကြရသည်။ ထို့ကြောင့် ရခိုင်ပြည်တစ်ခုလုံးရှိ မိုင်းအန္တရာယ်သည် အစိုးရနှင့်လက်တွဲကာ

သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းအသီးသီးမှ ပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် ပြန်လည်ကုစားခြင်း၊ ထူထောင်ခြင်း လုပ်ငန်းစဉ်များတွင် တက်ညီလက်ညီဆောင်ရွက်နိုင်မှသာ အပြစ်မဲ့ပြည်သူများ၏ အကျိုးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ပေလိမ့်မည်။

**အာရက္ခလေ့လာရေးစင်တာအကြောင်း**

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

© ၂၀၂၆ အာရက္ခပြည်။
ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org